**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

**(၁၉)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်**

**(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၅၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၃၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၆-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၅၆ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၆၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၂၈ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၃၈ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်၊

(၂) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၂ ရက်၊

(၃) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၂ ရက်၊

(၄) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၂ ရက်၊

(၅) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၂ ရက်၊

(၆) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၇) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၁ ရက်၊

(၈) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၉) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၂ ရက်၊

(၁၀) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၁၁) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၁၂) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၃) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၂ ရက်၊

(၁၄) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၂ ရက်၊

(၁၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၂ ရက်၊

(၁၆) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၁၇) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၁၈) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၂ ရက်၊

(၁၉) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၂ ရက်၊

(၂၀) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၂ ရက်၊

(၂၁) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၂ ရက်၊

(၂၂) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၂ ရက်၊

(၂၃) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၂ ရက်၊

(၂၄) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၂ ရက်၊

(၂၅) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၂ ရက်၊

(၂၆) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၂ ရက်၊

(၂၇) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး ခွင့် ၂ ရက်၊

**မူကြမ်း**

(၂၈) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၂၉) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၂ ရက်၊

(၃၀) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၂ ရက်၊

(၃၁) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၂ ရက်၊

(၃၂) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၂ ရက်၊

(၃၃) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၃၄) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၃၅) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၂ ရက်၊

(၃၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၃၇) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁ ရက်နှင့်

(၃၈) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၆၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ကြယ်ပွင့်ပြထားသော မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင် ဆောင်ရွက်ပါမယ်။

**သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းရှိ ဟောင်းနွမ်းနေသော ဝန်ထမ်းအိမ်ရာအဆောက်အအုံများအား ပြုပြင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာစည်မြို့နယ် မြို့မစခန်းနဲ့ ရဲတပ်ဖွဲ့မှူးရုံးအတွက် မေးခွန်းမေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် သာစည်မြို့နယ် မြို့မရဲစခန်းတွင် အခုလက်ရှိဝန်ထမ်းမိသားစု ၂၇ စုနေပါတယ်။ အဆောက်အဦအနေနှင့် အရာရှိလုံးချင်းနေအိမ် အုတ်ကြွပ်မိုး၊ ပျဉ်ကာတစ်လုံး၊ အရာရှိနှစ်ခန်းတွဲနေအိမ် အုတ်ကြွပ်မိုး၊ ပျဉ်ကာသုံးလုံး၊ အခြားအဆင့် နှစ်ခန်းတွဲနေအိမ် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းခြောက်လုံး၊ အခြားအဆင့် လေးခန်းတွဲနေအိမ် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းငါးလုံးနှင့် အခြားအဆင့် လေးခန်းတွဲနေအိမ် ဝါးကပ်မိုး၊ ပျဉ်ကာ၊ ပျဉ်းခင်းတစ်လုံးတို့ကို ၁၉၄၉ ခုနှစ်နှင့် ၁၉၆၁-၁၉၆၂ ခုနှစ်များမှာ တည်ဆောက်ခဲ့ပြီး အမိုးအကာများမလုံခြုံခြင်း၊ အခင်းများဆွေးမြေ့နေခြင်းကြောင့် မိုးတွင်းလာလများမှာ ဝန်ထမ်းမိသားစုများ နေရေးထိုင်ရေးအဆင်မပြေကြောင်း သိရှိရပါတယ်။ နိုင်ငံ့ဝန်ထမ်းများ၏ နေရေးထိုင်ရေးအတွက် အဆင့်နှင့်လျော်ညီသော နေအိမ်အဆောက်အဦများ ဆောက်လုပ်ပေးသင့်ပါတယ်။ ဒါ့အပြင် သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအတွက် လုပ်ငန်းကိစ္စများပေါ်ပေါက်လာပါက ပြင်ပပုဂ္ဂလိကအငှားယာဉ်များကို အလျဉ်းသင့်သလိုငှားရမ်းသုံးစွဲနေရကြောင်းသိရှိပါ၍ အရေးတကြီးတာဝန်များကို လျင်မြန်သွက်လက်စွာ ထမ်းဆောင်နိုင်ရန် မော်တော်ယာဉ်တစ်စီးထားပေးသင့်ပါကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် သာစည်မြို့မရဲစခန်းရှိ ဟောင်းနွမ်းယိုယွင်းနေသော ဝန်ထမ်းအိမ်ရာအဆောက်အဦများအား ခေတ်နှင့်လျော်ညီသော

**မူကြမ်း**

အဆောက်အဦများအဖြစ် တည်ဆောက်ပေးနိုင်ပါရန်နှင့် သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအတွက် လိုအပ်သောမော်တော်ယာဉ်တစ်စီးအား ဖြည့်တင်းပေးမည့်အစီအစဉ်ရှိ/မရှိကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ သာစည်မြို့နယ်အတွက် လိုအပ်တဲ့ မော်တော်ယာဉ်တစ်စီးကို ပြီးခဲ့တဲ့နှစ်ပတ်ခန့်က ကျွန်တော်တို့ ဖြည့်ဆည်းပေးတဲ့အတွက် ဝန်ကြီးဌာနကိုလည်း အထူးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်ကပဲ ဖြေကြား သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနဲ့ မြို့မ ရဲစခန်းဟာ သာစည်မြို့၊ အမှတ်(၁)ရပ်ကွက်၊ မိတ္ထီလာ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးနံဘေးမှာ တည်ရှိတာဖြစ်ပါတယ်။ သာစည်မြို့မရဲစခန်းဝင်းအတွင်းမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတစ်လုံး၊ မြို့မရဲစခန်း ရုံးတစ်လုံးနဲ့ ရဲရိပ်သာတစ်လုံးစုစုပေါင်း ရုံးအဆောက်အဦသုံးလုံး၊ ရဲအရာရှိလုံးချင်း အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံး၊ အရာရှိနှစ်ခန်းတွဲ အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်သုံးလုံး၊ ခြောက်ခန်းတွဲ အခြားအဆင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ခန်းတွဲ နေအိမ်ခြောက်လုံး၊ ၁၂ ခန်း၊ အခြားအဆင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းလေးခန်းတွဲ နေအိမ်ခြောက်လုံး၊ ၂၄ ခန်း စုစုပေါင်းလူနေ အဆောက်အဦ ၁၆ လုံးရှိပြီးတော့ အခန်း ၄၃ ခန်းရှိပါတယ်။ သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနဲ့ မြို့မ ရဲစခန်းမှာ ဖွဲ့စည်းပုံအင်အားအရ အရာရှိ ၁၉ ဦး၊ အခြားအဆင့် ၇၇ ဦး စုစုပေါင်း ၉၆ ဦးဖြစ်ရပေမယ့် လက်ရှိအင်အားမှာ အရာရှိ ၁၁ ဦး၊ အခြားအဆင့် ၄၇ ဦး စုစုပေါင်း ၅၈ ဦးရှိပါတယ်။ အဆိုပါအင်အား ၅၈ ဦးအနက် အထက်ပါနေအိမ်လိုင်းခန်း ၁၆ လုံးမှာ အရာရှိလုံးချင်း နေအိမ်တစ်လုံး၊ အရာရှိ နှစ်ခန်းတွဲ နေအိမ်သုံးလုံး၊ အခြားအဆင့် နှစ်ခန်းတွဲ နေအိမ်ခြောက်လုံး၊ အခြားအဆင့် လေးခန်းတွဲ နေအိမ်လေးလုံးနဲ့ ရဲအရာရှိရိပ်သာမှာ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူးတစ်ဦး၊ တပ်ဖွဲ့ဝင် အရာရှိ/အခြား

အဆင့် ၃၆ ဦးသာ နေထိုင်လျက်ရှိပြီး ကျန်တဲ့ဒေသခံအိမ်ထောင်သည် တပ်ဖွဲ့ဝင်များဟာ မိသားစုများနှင့်အတူ သာစည်မြို့ပေါ်မှာရှိတဲ့ ၎င်းတို့မိသားစုပိုင် နေအိမ်များမှာ နေထိုင်လျက်ရှိပါတယ်။

အခြားအဆင့် လေးခန်းတွဲ ခြောက်လုံးအနက် လေးခန်းတွဲနှစ်လုံးသည် အဆောက်အဦ သက်တမ်းအားဖြင့် နှစ်ပေါင်း ၆၀ ခန့်ရှိပြီဖြစ်လို့ ပျက်စီးယိုယွင်းလျက်ရှိနေပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့လည်း တိုးတက်ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ တပ်ဖွဲ့များကို အသစ်ဖွဲ့စည်းခြင်း၊ တိုးချဲ့/ပြင်ဆင်ဖွဲ့စည်းခြင်းများကို ဆောင်ရွက်လျက်ရှိရာမှာ ဖွဲ့စည်းပုံနှင့်အညီ လိုအပ်လျက်ရှိတဲ့ ရုံးအဆောက်အဦများ၊ တပ်ဖွဲ့ဝင်အားလုံး နေထိုင်နိုင်ရေးအတွက်ကို နေအိမ်များ၊ ယာဉ်များနှင့် လုပ်ငန်းသုံးအထောက်အကူပြုပစ္စည်းများကို ဦးစားပေးအစီအစဉ်များဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများ တောင်းခံဖြည့်ဆီးပေးလျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ တပ်ဖွဲ့ဝင်များ လုံလောက်စွာနေထိုင်နိုင်သေးတဲ့အတွက် အဆိုပါအခြားအဆင့် လေးခန်းတွဲနှစ်လုံးကို အစားထိုးဆောက်လုပ်နိုင်ရေးအတွက်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှာ ပါဝင်ခြင်းမရှိသေးကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ၂၀၁၄ ခုနှစ်၊ မေလအတွင်းမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ Grand Tiger ယာဉ် ၁၈၈ စီးကို ထပ်မံခွဲဝေရရှိတဲ့အတွက် ယာဉ်လိုအပ်ချက်ရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များ၊ တပ်ဖွဲ့ခွဲများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများကို ထပ်ဆင့် ခွဲဝေထုတ်ပေးလျက်ရှိရာမှာ သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့လည်း ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှာ Hilux Single Cab တစ်စီး ထုတ်ပေးပြီးဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရွှေတောင်မြို့နယ်၊ ကြာနီကန်ရပ်ကွက်နှင့် ပေကုန်းကျေးရွာအနီးတွင် တောရှင်းရာမှတွေ့ရှိသော သိမ်၊ ဘုရား၊ ရဟန္တာရုပ်တုများသည် ပျူခေတ်လက်ရာများဟု ထင်မြင်ယူဆပါသဖြင့် ရှေးဟောင်းသုတေသနဌာနမှ မည်သို့ဆောင်ရွက်မည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဤလွှတ်တော်ခန်းမအတွင်းရှိသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မက ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့် ဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ မေးခွန်းက ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း

သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ဆောင်ရွက်မှုအခြေအနေကို သိလို၍ မေးမြန်းသော မေးခွန်းဖြစ်ပါတယ်ရှင်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက် အင်ကြင်းစင်ကျေးရွာနှင့် ဂျိုကုန်းကျေးရွာ၊ ကျိုကုန်းအုပ်စု၊ ပေကုန်းကျေးရွာအကြားတွင် ရှေးဟောင်းစေတီများ၊ သိမ်၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ရဟန္တာရုပ်တုတော်များကို သစ်ပင်၊ ချုံနွယ်၊ တောများ ရှင်းရာမှ ထင်ရှားစွာတွေ့ရှိရပါသည်။ ထိုလက်ရာများသည် ၁၈-၄-၂၀၀၄ ခုနှစ်က ရွှေတောင်မြို့ သရက်တောရပ်ကွက်၊ ဖိုးသိန်းတန်ကျေးရွာအနီးတွင် တွေ့ရှိခဲ့ရသည့် သိမ်၊ ဘုရား၊ ရဟန္တာအပါး ၈၀ တို့ကို ထုဆစ်ထားသည့်လက်ရာများနှင့် တူညီနေသည်ဟု ယူဆရပါသည်။ ၁၉-၁၁-၁၉၈၃ ခုနှစ်က ရွှေတောင်မြို့နယ်၊ မြို့မကျေးရွာအုပ်စု စိန်ရှင်ကျေးရွာအနီး ရွှေမော်တောဘုရားကြီးတွင် ပြုပြင်ခဲ့သော ရှေးဟောင်းသိမ်ကြီးတစ်ခုလည်းရှိပါသည်။ ထိုမြို့မကျေးရွာရှိ သိမ်၊ ဖိုးသိန်းတန် ကျေးရွာရှိသိမ်၊ ယခု ကြာနီကန်ရပ်ကွက် အင်ကြင်းစင်ကျေးရွာရှိ သိမ်တို့သည် နေထွက်သိမ်၊ မွန်းတည့်သိမ်၊ နေဝင်သိမ်များ ဖြစ်ကြောင်း အင်ကြင်းစင်ကျေးရွာနှင့် ပေကုန်းကျေးရွာကြား၌ ယခုတွေ့ရှိရသော သိမ်သည် နေထွက်သိမ်ဖြစ်သည်ဟု ကြားသိမှတ်ရပါသည်။ ထိုသိမ်ကို ယခု တူးဖော်တွေ့ရှိသည်မှာ အတိတ်နိမိတ်ကောင်းလှသည်ဟုလည်း ယူဆယုံကြည်နေကြပါသည်။ ကုန်းဘောင်ခေတ် မဟာမုနိဘုရားကြီးကို ရခိုင်ပြည်မှ ပင့်ဆောင်ခဲ့သော အိမ်ရှေ့မင်းသားကြီးသည် ဘိုးတော်ဘုရား၏သားတော်၊ အလောင်းမင်းတရား၏ မြေးတော် ရွှေတောင်မြို့စား ဖြစ်ပါသည်။ ခမည်းတော်ဘုရားကြီးက မောင်ရွှေတောင်ဟု ခေါ်စမတ်ပြုကြောင်း သမိုင်းအမှတ်အသားရှိပါသည်။ ထိုကုန်းဘောင်ခေတ်ဆီက ရွှေတောင်မြို့ဝင် ဦးမုံ၏ ကုသိုလ်ကောင်းမှုများဟုလည်း ယခုဘုရားများကို ကြားသိမှတ်ရဖူးပါသည်။ ခေတ်ပိုင်းခြားသတ်မှတ်ခြင်းသည် သက်ဆိုင်ရာပညာရှင်တို့၏ တတ်သိမှုပိုင်းဆိုင်ရာ အဆုံးအဖြတ်၌သာ အဆုံးသတ်ပါလိမ့်မည်။ ထိုအကြောင်း ထိုအင်ကြင်းစင်ရွာဦးရှိ သိမ်၊ ဘုရား၊ ရဟန္တာ အဆူဆူတို့တွင် စနေထောင့်ရှိ ရဟန္တာတစ်ဆူသာ မျက်လုံးတော်ဖွင့်လျက် ဖူးတွေ့ရသည့်နည်းတူ ဖိုးသိန်းတန်ရွာ ရဟန္တာအပါး ၈၀ အနက်မှ စနေထောင့်တစ်ပါးတည်းသာ မျက်လုံးတော်ဖွင့်ထားသည်ကို တွေ့ရပါသည်။ ဤတိုက်ဆိုင်မှုသည်လည်း တစ်ခေတ်တည်းလက်ရာဟု ထင်မြင်ယူဆဖွယ်ဖြစ်နေပါသဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ မည်သို့ဆောင်ရွက်ရန်ရှိကြောင်း သိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ယဉ်ကျေးမှုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့် မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနှံ့အပြားမှာ ရှေးဟောင်းစေတီပုထိုးများ၊ ဌာပနာပစ္စည်းများကို လမ်းဖောက်လုပ်ခြင်း၊ ရထားလမ်းဖောက်လုပ်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းနှင့် စေတီများပြိုကျခြင်းများမှ တွေ့ရှိခဲ့ရပါတယ်။ ဒီလိုတွေ့ရှိတဲ့အခါမှာ ရှေးဟောင်းစေတီများ၊ ဌာပနာပစ္စည်းများအားလုံးကို ဌာနအနေနဲ့ ထိန်းသိမ်းဆောင်ရွက်ခြင်းမရှိပါဘူး။ ထူးခြားရှားပါးတဲ့ ပစ္စည်းအနည်းငယ်လောက်ကိုသာ စုဆောင်းပြသပြီး များသောအားဖြင့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဂေါပကအဖွဲ့များက ထိန်းသိမ်းဆောင်ရွက်ခဲ့သည်လည်းရှိပါတယ်။ ဌာနအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအဆင့် ထိန်းသိမ်းသင့်သည့် ရှေးဟောင်းနေရာဒေသများ၊ ရှေးဟောင်းအဆောက်အအုံများကို ဦးစားပေး ထိန်းသိမ်းခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်ရပါတယ်။

ယခုရွှေတောင်မြို့မှာ တွေ့ရှိရသော ရှေးဟောင်းစေတီများ၊ သိမ်၊ ဗုဒ္ဓရုပ်ပွားတော်၊ ဆင်းတုတော်များ၊ ရဟန္တာရုပ်တုတော်များအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပြည်ဌာနစု က ၁၉-၃-၂၀၁၄ ရက်နေ့မှာ ရှေးဟောင်းအဆောက်အအုံစာရင်းပြုစုကောက်ခံစဉ် ချုံနွယ်များရှင်းလင်း၍ မှတ်တမ်းတင်ခြင်း ဆောင်ရွက်ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ထိုနေ့ကလည်းကောင်း၊ ၃-၄-၂၀၁၄ ရက်နေ့တွင်လည်းကောင်း ကွင်းဆင်းမှတ်တမ်းပြုစုသုတေသနပြုလုပ်ပြီး ဖြစ်ပါတယ်။ ကွင်းဆင်းသုတေသနပြုချက်အရ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်လက်ရာများ၊ ရှေးဟောင်းစေတီများနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များဖြစ်ကြောင်း သိရှိရပါတယ်။ ရွှေတောင်မြို့နယ်၊ ဖိုးသိန်းတန်ကျေးရွာအနီးတွင် တွေ့ရှိရသည့် သိမ်၊ ဘုရား၊ ရဟန္တာအပါး ၈၀ တို့မှာလည်း ထိုကဲ့သို့ပင်ဖြစ်ပါတယ်။ ကုန်းဘောင်ခေတ်ကပဲဖြစ်ပါတယ်။ ကုန်းဘောင်ခေတ်လက်ရာသာဖြစ်တဲ့အကြောင်းနဲ့ ဌာနကွင်းဆင်းသုတေသနအဖွဲ့မှလည်း ဒေသခံကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံပြီး ကျေးရွာနှင့် ဆက်စပ်လျက်ရှိတဲ့ ဒေသခံများအနေနဲ့ ထိန်းသိမ်းစောင့်ရှောက်ထားသင့်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီးလည်းဖြစ်ပါ

တယ်။ ၁၄-၃-၂၀၁၄ ရက်နေ့က ပြည်ခရိုင်၊ သဲကုန်းမြို့နယ် အင်းပေါ်ငယ်အုပ်စု ရန္တကူးကျေးရွာရဲ့ အနောက်တောင်ဘက် ၂ မိုင်ခန့်အကွာ ယာမြေပေါ်မှာ ရှေးဟောင်းအုတ်ခွက်များ တူးဖော်တွေ့ရှိမှုနှင့် ပတ်သက်၍ ဌာနမှကွင်းဆင်းသုတေသနအဖွဲ့မှ ကွင်းဆင်းသုတေသနပြုလုပ်ပြီး သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ ဒေသခံများနှင့် တွေ့ဆုံညှိနှိုင်းကာ အဆိုပါရှေးဟောင်းအုတ်ခွက်ဘုရားများကို ကိုးတောင်ပြည့်စေတီဂေါပကအဖွဲ့မှ ထိန်းသိမ်းထားရှိထားပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်များဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်များဖြစ်တဲ့အတွက် ထိန်းသိမ်းကာကွယ်မှုလုပ်ငန်း များကို ကျွန်တော်တို့ ဦးစီးဌာနတစ်ခုတည်းကသာမက ဂေါပကအဖွဲ့များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများအနေနဲ့လည်း ညှိနှိုင်းထိန်းသိမ်းဖို့ လိုအပ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။

**တရုတ်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်သွား ရောက်နိုင်ရေးနှင့် ၎င်းတို့ကို အထောက်အထားလက်မှတ်များ ထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဘိုးအောင်၊ မူဆယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ လွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့်သက်ဆိုင်ရာဝန်ကြီးဌာနကို တရုတ်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်ပြီးတော့ မေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပြည်ပထွက်ခွာအလုပ်သွားလုပ်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ အိမ်နီးချင်းတရုတ်ပြည်သူ့ သမ္မတနိုင်ငံကို မူဆယ်လမ်းကြောင်းကနေတစ်ဆင့် သွားရောက်အလုပ်လုပ်ကိုင်ကြတဲ့သူများ များပြား လာတာကိုတွေ့ရပါတယ်။ ယခုအခါတစ်နေ့ကို လူသစ်ရွှေ့ပြောင်းအလုပ်သမား ၅၀ ကနေ ၁၅၀ ကြား တရားဝင်နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်ဖြင့်ရော ခိုးဝင်ပေါက်များမှပါ နေ့စဉ်ဖြတ်သန်းသွားရောက် နေကြတာကိုတွေ့ရှိရပါတယ်။ နိုင်ငံတော်ကတရားဝင်စေလွှတ်မှုမရှိခြင်း၊ ထိုင်းနှင့်မလေးရှားနိုင်ငံတို့ ကဲ့သို့ နှစ်နိုင်ငံအကြား ရွှေ့ပြောင်းအလုပ်သမားအရေးနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာ (MOU) ထိုးထားမှုမရှိခြင်း၊ တည်ဆဲ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်း အရ တရုတ်ပြည်အတွင်း ရက်ရှည်နေထိုင်ခွင့်မရှိဘဲ ခြောက်ညအိပ် ခုနစ်ရက်နေ နယ်စပ်ဖြတ်ကျော်

သွားရောက်ခွင့် ယာယီဖြတ်သန်း လက်မှတ်သာထုတ်ပေးနိုင်ခြင်းတို့ကြောင့် တရုတ်နိုင်ငံကိုသွားရောက်အလုပ်လုပ်ကိုင်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမားများဟာ အကာအကွယ်မဲ့နေကြပါတယ်။ လုပ်အားခေါင်းပုံဖြတ်ခံနေကြရပါတယ်။ ထိုနည်းတူစွာ နယ်စပ်ဖြတ်ကျော်ခိုးဝင်သူများအဖြစ် အရေးယူခံနေကြရပါတယ်။ လူကုန်ကူးမှုခံရခြင်းများလည်း ဖြစ်ပေါ်နေပါတယ်။ ထိုရွှေ့ပြောင်းအလုပ်သမားများနယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများနဲ့ ဆက်စပ်ပြီးတော့ ယခုအခါ နယ်စပ်နေတိုင်းရင်းသားများကိုလည်း တစ်ဖက်နိုင်ငံက Temporary Border Pass လက်မှတ်များ စစ်ဆေးအရေးယူအပြစ်ပေးမှုတွေရှိလာနေပါတယ်။ TBP လက်မှတ်မပါရင် သို့မဟုတ် ရက်လွန်ရင်ထောင်ဒဏ်နှစ်လကို ချတာခံရပါတယ်။ ထောင်ကျရင် စားစရာအဖြစ် တစ်နပ်ကို အာလူးပြုတ်တစ်လုံးသာကျွေးကြောင်း၊ ဆီးစစ်၍ မူးယစ်ဆေးသုံးကြောင်းဖော်ပြခံရရင် အလုပ်ကြမ်းနှင့်ထောင်ဒဏ်အပြစ်ပေးပြီး လမ်းဖောက်လုပ်ရေးမှာ အလုပ်လုပ်ခိုင်းကြောင်း ဖမ်းဆီးခံရဖူးသူများက ပြောပြကြပါတယ်။ သို့သော် မိမိဘက်မှ ဥပဒေအရ မည်သည့်အကာအကွယ်မှ မပေးနိုင်ကြတာကို တွေ့နေရပါတယ်။ ဒါကြောင့် အောက်ပါမေးခွန်းကို သက်ဆိုင်ရာမှဖြေကြားပေးပါရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။ တရုတ်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသော ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်သွားရောက်နိုင်ရေး၊ ထိုရွှေ့ပြောင်းအလုပ်သမားများအတွက် အထောက်အထားလက်မှတ်များထုတ်ပေးနိုင်ရေးနှင့် နှစ်နိုင်ငံအကြားအလုပ်သမားများခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MOU) များ လက်မှတ်ထိုးရေးစသည်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများက မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးနိုင်မည်နှင့် မည်ကဲ့သို့စီမံဆောင်ရွက်နေသည်များကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ မူဆယ်မဲဆန္ဒနယ်မှ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးထင်အောင်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံတို့နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နိုင်ငံဖြစ်တဲ့အားလျော်စွာ မြန်မာနိုင်ငံနယ်စပ်မြို့များမှာ နေထိုင်ကြတဲ့ မြန်မာအလုပ်သမားများဟာ အိမ်နီးချင်းနိုင်ငံများသို့ ဝင်ထွက်သွားလာ အသက်မွေးဝမ်းကြောင်းအတွက် အလုပ်လုပ်ကိုင်နေကြပါတယ်။ မြန်မာအလုပ် သမားများအနေနဲ့ အိမ်နီးချင်းနိုင်ငံများကို သွားရောက်အလုပ်လုပ်ကိုင်ရာမှာ တရားမဝင်သွားရောက် လုပ်ကိုင်ခြင်းကြောင့် လူမှောင်ခိုကူးခံရခြင်း၊ ဇနီးမယားအဖြစ် ရောင်းစားခံရခြင်း၊ အလုပ်ရှင်များရဲ့ မတရားခေါင်းပုံဖြတ်ခံရခြင်း၊ ဖိနှိပ်ခံရခြင်း၊ ပွဲစားများရဲ့ လိမ်လည်လှည့်စားမှုခံရခြင်းစတာတွေကို ကြုံတွေ့နေကြရတာကို တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မိမိအလုပ်သမားများ ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက် အလုပ်လုပ် ကိုင်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိရာမှာ ထိရောက်တဲ့ အကာအကွယ်ပေးနိုင်ဖို့၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ရွှေ့ပြောင်းသွားလာနိုင်ဖို့နဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို သက်ဆိုင်ရာ နိုင်ငံရဲ့ဥပဒေများနှင့်အညီ ရရှိခံစားစေဖို့အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ပြည်ပတွင် အလုပ်အကိုင်ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားပြီး အဲ့ဒီကော်မတီ အောက်မှာ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊ အလုပ်သမားများ အကျိုးခံစားခွင့်ရရှိရေးလုပ်ငန်း ကော်မတီနဲ့ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီများကို ဖွဲ့စည်း ထားရှိပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ရွှေ့ပြောင်းအလုပ်သမားများအတွက် စနစ်ကျတဲ့မူဝါဒများ ကိုချမှတ်၍ အလုပ်သမားရေးရာကိစ္စရပ်များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနစတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတို့နဲ့ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ မြန်မာရွှေ့ပြောင်း အလုပ် သမားများအား ပြည်ပသို့တရားဝင်သွားရောက်စေနိုင်ရေးနဲ့ သွားရောက်မယ့် အလုပ်သမားများ

အတွက် သက်ဆိုင်ရာနိုင်ငံရဲ့ဥပဒေနဲ့အညီ ခံစားခွင့်ရရှိစေရေး၊ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့ သွားရောက်မယ့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကို International Labour Organization(ILO)၊ International Organization for Migration(IOM) စတဲ့ Non-Governmental Organizations (NGOs)၊ International Non-Governmental Organizations(INGOs)များနှင့် United Nations(UN)တို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကာ သတင်းမီဒီယာများမှလည်း အသိပညာပေးမှုများကို ထုတ်လွှင့်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုအချိန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်က မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ရေးနှင့်ပတ်သက်လို့ ကမ်းလှမ်းခြင်းမျိုးမရှိသေးတဲ့အတွက် မြန်မာနိုင်ငံက အလုပ်သမားများဟာ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီ ရက်ရှည်နေထိုင်ခွင့်မရှိတဲ့ ယာယီနယ်စပ်ဖြတ်ကျော် သွားရောက်ခွင့်လက်မှတ်နဲ့သာ သွားရောက်နေကြပြီး တစ်ဦးချင်းအနေနဲ့ သူတို့ရဲ့ အထောက်အထားစာရွက်စာတမ်းများကို နိုတြီပြုလုပ်ကာ အလုပ်သွားရောက် လုပ်ကိုင်သူများသာရှိပါတယ်။ ဒါကြောင့် နောင်တစ်ချိန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်က မြန်မာနိုင်ငံမှအလုပ်သမားများကို တရားဝင်ခေါ်ယူဖို့ ကမ်းလှမ်းမှုများပြုလုပ်လာရင် မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများနည်းတူ နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးကာ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေဆိုမှုကတော့ လုံလောက်ပါတယ်။ အခုလို ဦးစိုင်းဘိုးအောင်တင်ပြသွားတဲ့ ကျွန်တော်တို့နိုင်ငံသားများရဲ့ မူလအခွင့်အရေးများမဆုံးရှုံးရအောင် ဘယ်လိုများဆောင်ရွက်သင့်သလဲဆိုတာလည်း သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဘက်ကလည်း စဉ်းစားဖို့လိုမယ်လို့ထင်ပါတယ်။ မသိခင်တုန်းကတော့ ကျွန်တော်တို့မသိဘူးပေါ့။ ထိုနည်းတူစွာ တာဝန်လည်းမရှိဘူးပေါ့။ အခု သိလာတဲ့အခါကျတော့ သိပြီဖြစ်သလို ကျွန်တော်တို့မှာလည်း တာဝန်ရှိလာပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအပါအဝင် ကျွန်တော်တို့ လွှတ်တော်အနေနဲ့လည်း ကျွန်တော်တို့ နိုင်ငံသားများရဲ့ မူလအခွင့်အရေး မဆုံးရှုံးစေရေးအတွက်လည်း စဉ်းစားပေး

ဖို့လိုတယ်လို့ လွှတ်တော်ကိုရော၊ သက်ဆိုင်ရာဝန်ကြီးဌာနကိုရော၊ အစိုးရကိုလည်း ကျွန်တော် ဒီလိုပဲ တင်ပြချင်ပါတယ်။

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆေးရုံစီမံကိန်းအဖြစ် သဃ်န်းကျွန်းမြို့နယ် ဇဝနနှင့်ဆ/က ရပ်ကွက်ရှိ လူနေအဆောက်အအုံ ၂၀၀ ကျော်မြေနေရာအား သိမ်းဆည်းခဲ့ကာ Asia World Co.,Ltd သို့လွှဲပြောင်းပေးခဲ့ပြီး လုံးချင်းတိုက်များဆောက်လုပ်၍ ပုဂ္ဂလိကများသို့ ရောင်းချခဲ့သည်ကိုသိပါ သလား၊ မူလနေထိုင်သူ နိုင်ငံသားများ၏နစ်နာမှုအတွက် မည်သို့တာဝန်ယူဖြေရှင်းပေးမည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဃ်န်းကျွန်းမြို့နယ်မှာ ခုတင် ၃၀၀ ဆံ့ စံပြဆေးရုံ ဆောက်ဖို့ကြိုးပမ်းတဲ့ ၁၉၉၄-၁၉၉၅ ခုနှစ်မှာ အဲ့ဒီမှာနေထိုင်တဲ့ ဆ/ကရပ်ကွက်၊ ဇဝနရပ်ကွက်က အိမ်ခြေ ၂၀၀ ကျော်၊ လူဦးရေ ၁၀၀၀ ကျော်။ အဲ့ဒီ ၁၀၀၀ ကျော်ထဲမှာ အခု ကျွန်တော့်ကိုပေးပို့ထားတဲ့ ဒီစာ ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်တင်ပြတဲ့ ဂရန်တွေရထားတဲ့ ပုဂ္ဂိုလ်တွေပါပါတယ်။ နှစ် ၉၀ ဂရန် ရထားပါတယ်။ သို့သော် မောင်းထုတ်တဲ့အခါကျတော့ ကျူးကျော်သူတွေ၊ အိမ်ယာမဲ့တွေဆိုပြီးတော့ မောင်းထုတ်ခဲ့ပါတယ်။ မောင်းထုတ်ပြီးတော့ ဟိုတုန်းကတော့ ဒဂုံ(တောင်ပိုင်း)ပေါ့လေ။ အခုတော့ ဒဂုံ(ဆိပ်ကမ်း) (၈၈)ရပ်ကွက်ကို အဲ့ဒီလူတွေကို ပို့ခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ မြို့ရွာ တည်ထောင်တဲ့ စီမံကိန်းအဆင်သင့်မရှိဘဲနဲ့ လယ်ကွင်းပြင်ကြီးမှာထားခဲ့တဲ့အတွက် အနေပျက်ရုံတင်မကဘူး အဲ့ဒီ လူတွေအားလုံးက ဘဝပျက်ခဲ့ပါတယ်။ အခုချိန်ထိလည်း ရေအပါအဝင် အခက်အခဲတွေရှိပြီးတော့ စားဝတ်နေရေးဆင်းရဲခြင်းသံသရာကို အမွေရလိုက်တဲ့အတွက် ရထားတဲ့ ၂၀ ပေ ၆၀ ပေ မြေကွက် လေးကို ရောင်းတဲ့လူရှိတယ်။ တစ်ခြမ်းရောင်းတဲ့လူရှိတယ်။ တစ်ခုလုံးပေါင်တဲ့လူရှိတယ်။ တစ်ခြမ်း ပေါင်တဲ့လူရှိတယ်။ အဲ့ဒီလိုသူတို့ ဆင်းရဲတွင်းနက်နေတဲ့အချိန်မှာ သူတို့ မောင်းနှင်ထုတ်လိုက်တဲ့ သူတို့ နေခဲ့တဲ့မြေကွက် နှစ်ပေါင်း ၁၀ စုနှစ်မျှနေခဲ့တဲ့မြေကွက်ဟာ ဆေးရုံမဆောက်ဘူး။ ဆေးရုံစီမံကိန်းနဲ့

မြေထဲမှာလဲအကျုံးမဝင်ဘူး။ အဲ့ဒီမှာ အိုးအိမ်နှင့် Asia World Co.,Ltd ပေါင်းပြီးတော့ တစ်သီး ပုဂ္ဂလတိုက်ကြီးတွေ၊ နန်းတော်တမျှကြီးတဲ့တိုက်ကြီးတွေ ဆောက်ခဲ့ပါတယ်။ အဲ့ဒီမှာ ဘယ်သူတွေ ရောက်လာသလဲဆိုတော့ တို့သွေး၊ တို့သားမဟုတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ အဲ့ဒီခေတ်က အာဏာပိုင်တွေ လာရောက်နေထိုင်တာကို တွေ့ရပါတယ်။ အဲ့ဒီတော့ အဲ့ဒီပုဂ္ဂိုလ်တွေ အဲ့ဒီမှာနေနေတဲ့အချိန်မှာ အခု ဒဂုံဆိပ်ကမ်းရောက်နေတဲ့ လူထုအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို ကျွန်တော် မေးမြန်းလိုပါတယ်။ စီမံကိန်းအတွက်မြေသိမ်းခဲ့ပြီး စီမံကိန်းအတွက် အသုံးမပြုဘဲ ပုဂ္ဂလိကကုမ္ပဏီ တစ်ခုဖြစ်သော Asia World Co.,Ltd သို့ လွှဲပြောင်းပေးပြီး ယင်းကုမ္ပဏီက လုံးချင်းတိုက်များ ဆောက်လုပ်ကာ ပုဂ္ဂလိကများသို့ရောင်းချခဲ့သည်ကို ပြည်ထောင်စုအစိုးရအဖွဲ့ အနေနဲ့သိပါသလား။ ထိုသို့ မူလနေထိုင်သူနိုင်ငံသားများ၏ နစ်နာမှုအတွက် Asia World Co.,Ltd နှင့် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနတို့အနေဖြင့် ယနေ့အချိန်တွင် မည်သို့တာဝန်ယူဖြေရှင်းပေးပါမည်နည်း။ တာဝန်ယူ ဖြေရှင်းပေးပါမည်ဆိုက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးပါမည်နည်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်က မေးမြန်းထားတဲ့ မေးခွန်းသုံးခုကို ကျွန်တော် ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမေးခွန်းနဲ့ပတ်သက်ပြီးတော့ တင်ပြရရင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားအနီးမှာ ၁၉၉၄ ခုနှစ် မတ်လမှာ ခုတင် ၃၀၀ ဆံ့ ဆေးရုံစီမံကိန်းကြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ထိုအချိန်က နိုင်ငံတော် စီမံကိန်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်တာကြောင့် ဒေသအာဏာပိုင်များရဲ့ကြီးကြပ်မှုနဲ့ ဌာနဆိုင်ရာ

အသီးသီး ပါဝင်ဆောင်ရွက်ခဲ့ရာမှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ခုတင် ၃၀၀ ဆံ့ဆေးရုံကြီးစီမံကိန်းတည်ဆောက်မယ့် စီမံကိန်းဧရိယာအတွင်းမှာရှိတဲ့ မြေအမျိုးအစားနှင့်မြေပိုင်မှုများကိုစိစစ်ခြင်း၊ မြေပိုင်ဆိုင်မှုအထောက်အထား မတင်ပြနိုင်သော ကျူးကျော်အိမ်များအား ကွင်းဆင်းစာရင်းကောက်ယူခြင်း၊ ကျူးကျော်အိမ်များ ရွှေ့ပြောင်းနေရာချထားပေးခြင်းလုပ်ငန်းတာဝန်များကို ပါဝင်ဆောင်ရွက်ခဲ့ရပါတယ်။

ခုတင် ၃၀၀ ဆံ့ဆေးရုံကြီးစီမံကိန်းဧရိယာ မြေပြင်ရှင်းလင်းခဲ့ပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနမှ သယ်န်းကျွန်းစံပြဆေးရုံကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဆေးရုံကြီးတည်ဆောက်ရာမှာလည်း အနီးပတ်ဝန်းကျင်ဧရိယာကိုလည်း မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်အောင်ဆောင်ရွက်ရန် လမ်းညွှန်မှုအရ ကျူးကျော်တဲများရှင်းလင်းပြီးသော အစိုးရမြေဖြစ်တဲ့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အမည်ပေါက်မြေ ၅.၈၅၅ ဧကနှင့် စားကျက်မြေ ၇.၂၇၀ ဧက စုစုပေါင်း ၁၃.၁၂၅ ဧကမှာ အဆင့်မြင့်အိမ်ရာစီမံကိန်းတစ်ခုကို ရတနာသီရိအိမ်ရာစီမံကိန်းအမည်ဖြင့် လုံးချင်းအိမ်ရာမြေကွက် ၂၅ ကွက်ပါဝင်သော အိမ်ရာစီမံကိန်းကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Asia World Co.,Ltd တို့ အကျိုးတူပူးပေါင်း တည်ဆောက်အကောင်အထည်ဖော်ခဲ့တာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းနှင့်စပ်လျဉ်းပြီး တင်ပြရရင် ခုတင် ၃၀၀ ဆံ့ဆေးရုံကြီးစီမံကိန်းနှင့် ရတနာသီရိလုံးချင်းအိမ်ရာစီမံကိန်း ဆောင်ရွက်ခဲ့တဲ့စီမံကိန်းဧရိယာအတွင်းမှာ နေအိမ်များဖျက်သိမ်းရွှေ့ပြောင်းပေးခဲ့သူများအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက လုပ်ငန်းကြီးငါးရပ်အနေနဲ့ အဓိကထားပြီးတော့ တာဝန်ယူဆောင်ရွက်ပေးခဲ့ပါတယ်။ အဲ့ဒါတွေကတော့ (၁) စီမံကိန်းဧရိယာအတွင်းမှာ မြေပိုင်ဆိုင်မှုအထောက်အထားတင်ပြနိုင်သူ ၁၁ ဦးအား ရတနာသီရိလုံးချင်းအိမ်ရာစီမံကိန်း၊ ဇဝနရပ်ကွက်မှာပင် မြေကွက်ရိုက်ပြီး ပြန်လည်နေရာချထား၍ မြေပိုင်ဆိုင်မှုမြေငှားဂရန် စာချုပ်များထုတ်ပေးခဲ့ပါတယ်။ (၂) စီမံကိန်းဧရိယာအတွင်းမှ မြေပိုင်ဆိုင်မှုအထောက်အထားမတင်ပြနိုင်သော အိမ်ပိုင်ရှင် ၁၇၃ ဦးကို လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၈) မှာ ၂၀ ပေ ၆၀ ပေ မြေကွက်တစ်ကွက်စီ အခမဲ့နေရာချထားပေးခဲ့ပါတယ်။ (၃)အချက်ကတော့ စီမံကိန်းဧရိယာအတွင်းမှ ဖျက်သိမ်းရွှေ့ပြောင်းကြရတဲ့ အိမ်ငှား ၁၀၅ ဦးကိုလည်း အိမ်ပိုင်မြေပိုင်ဖြစ်စေရန် လှိုင်သာယာမြို့နယ်၊ သောင်ကြီး/မြောက် (၁၄)ရပ်ကွက်မှာ ပေ ၂၀ ၊ ပေ ၆၀ မြေကွက်တစ်ကွက်စီကို ချထားပေးပြီးတော့

မြေစည်ပင်စရိတ်ပေးသွင်းစေပြီး နေရာချထားခဲ့တာဖြစ်ပါတယ်။ (၄) အချက်ကတော့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ သယ်န်းကျွန်း ခုတင် ၃၀၀ ဆံ့ဆေးရုံစီမံကိန်းနေရာမှာ ရွှေ့ပြောင်း နေရာချထားပေးခဲ့တဲ့ မိသားစုများအခြေချနေထိုင်တဲ့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈) ရပ်ကွက်နှင့် လှိုင်သာယာမြို့နယ်၊ သောင်ကြီး/မြောက် (၁၄)ရပ်ကွက်တို့မှာ လမ်းမကြီးများကို ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းခင်းပေးခြင်း၊ လမ်းသွယ်များကို ဂဝံလမ်းခင်းပေးခြင်း၊ သောက်သုံးရေအတွက် အဝီစိ တွင်းများတူးပေးခြင်း၊ ပညာရေးအတွက် မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်း ကျောင်းများဆောက်လုပ်လှူဒါန်းပေးခြင်း၊ ကျန်းမာရေးအတွက် ၁၆ ခုတင်ဆံ့ဆေးရုံနှင့် ဆေးပေး ခန်းများဆောက်လုပ်ပေးခြင်း၊ အလုပ်အကိုင်အတွက် ဒဂုံ(ဆိပ်ကမ်း)စက်မှုဇုန်၊ လှိုင်သာယာစက်မှုဇုန် များနှင့် ဆက်သွယ်ချိတ်ဆက် ဖန်တီးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ (၅)အချက်အနေနဲ့ စီမံကိန်းဧရိယာအတွင်းမှ မြေပိုင် ၁၁ ဦးကို ပြန်လည်နေရာချထားပေးရာမှာ အဆောက်အဦ ဖျက်သိမ်းစရိတ်၊ သယ်ယူစရိတ်နဲ့ ပြန်လည်ဆောက်လုပ်စရိတ်၊ နစ်နာမှုစရိတ်နှင့် သီးခြားထပ်မံပံ့ပိုး ငွေများကို အဆောက်အဦတစ်လုံးစီအတွက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးခဲ့ပြီးဖြစ် ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ မူလနေထိုင်သူနိုင်ငံသားများရဲ့ နစ်နာမှုအတွက် တာဝန်ယူဖြေရှင်းပေးမှုမှာ စီမံကိန်းများ ဆောင်ရွက်ခဲ့တဲ့ လွန်ခဲ့သောအနှစ် ၂၀ ခန့် ကပင် မြေပိုင်ဆိုင်သူများကို မနစ်နာအောင် မူလနေထိုင်သည့် ဇဝနရပ်ကွက်မှာပင် ပြန်လည်နေရာ ထားပေးခဲ့ပြီး မြေပိုင်ဆိုင်မှုမရှိသူ အိမ်ပိုင်ရှင်များကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သို့လည်းကောင်း၊ အိမ်ငှားများကို လှိုင်သာယာမြို့နယ်သို့လည်းကောင်း ရွှေ့ပြောင်းနေရာချထားခြင်းတို့ကို စနစ်တကျ စိစစ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ၄၄(ယ)အရ ပြန်လည်ရှင်းလင်းတဲ့မေးခွန်း မေးမြန်းခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီတော့ ခုနက ဒုတိယဝန်ကြီးဖြေကြားတဲ့အချက်အလက်များ အပေါ်မှာ ကျွန်တော်ပြန်ပြီးတော့ မေးချင်တဲ့အချက်ကတော့ ၁၈၉၄ မြေယာသိမ်းအက်ဥပဒေမှာ မြေ သိမ်းတဲ့အခါမှာ ခုနက အများပြည်သူအကျိုးရှိတဲ့ ဆေးရုံတို့၊ ကျောင်းတို့ဘာတို့ ဆောက်တဲ့အတွက် ဒီလိုသိမ်းတာက ဥပဒေရဲ့အနှစ်သာရနဲ့ ညီညွတ်ပါတယ်။ အဲ့ဒီမှာ ဆေးရုံအတွက်လို့ပြောပြီးတော့မှ

ဆေးရုံအတွက်မဟုတ်ဘဲနဲ့ အဆင့်မြင့်အိမ်ရာဆိုပြီးတော့ ခုနက ကျွန်တော်ပြောတဲ့ အခွင့်ထူးခံလူတစ်စု အတွက် ဆောင်ရွက်ပြီးတော့ လူတစ်ထောင်ကျော်ကို လွင်တီးခေါင်ထဲကိုပို့ပြီးတော့ နှစ်ပေါင်း ၂၀ နေခဲ့တဲ့လူတွေ ဒီနေ့လည်း ရေအခက်အခဲရှိနေပါတယ်။ ဒါ တကယ်လက်တွေ့ကွင်းဆင်းကြည့်ရင် ရေပြဿနာတော်တော်ကြီးပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ အကျိုးခံစားခွင့်ရနေတဲ့ Asia World လို ကုမ္ပဏီကနေ ဒီနေ့အချိန်မှာ ဒီနိုင်ငံသားတွေရဲ့ဆင်းရဲမှုကို ဘယ်နည်းဘယ်ပုံကူညီပေးနိုင်မလဲ။ ဆောင်ရွက်ပေးနိုင်မလဲဆိုတာကို အိုးအိမ်ဦးစီးဌာနက လွန်ခဲ့တဲ့နှစ် ၂၀ တုန်းက ရှင်းခဲ့ပြီးပြီ။ အကျိုး ဆက်ကိုတော့ ဒီနေ့တာဝန်မယူဘူးဆိုရင်တော့ တရားမမျှတရာကျပါလိမ့်မယ်။ ဒါကြောင့် အခုအချိန်ထိ အဲ့ဒီမှာရောက်နေတဲ့ နိုင်ငံသားများ ဒီဒဂုံဆိပ်ကမ်းရော၊ ခုနက လှိုင်သာယာရောပေါ့ ဒီ ၇၅ သော အိမ်နန်းတော်ကြီးတွေအတွက် ဖယ်ပေးလိုက်တဲ့လူတွေအပေါ်မှာ အိုးအိမ်ဦးစီးဌာနက ဒီ Asia World ကုမ္ပဏီကို ဘယ်လိုကိုင်တွယ်ပေးမလဲဆိုတာ သိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း အပ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးက ပြည်သူ့အကျိုးအတွက်မျှော်ကိုးပြီးတော့ ဒီလိုမေးခွန်းမေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော် တို့ဘက်ကလည်း ၁၉၉၄ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့တဲ့ကိစ္စဖြစ်တဲ့အတွက် ဒီမှာ ကျွန်တော် လာရောက်မေးခွန်းမဖြေခင်ကတည်းက အဲ့ဒီလွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ လောက်က ကျွန်တော်တို့ဌာနမှာ တာဝန်ယူသွားတဲ့ ညွှန်ကြားရေးမှူးချုပ်တွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တွေကို ကျွန်တော်ဆက်သွယ် မေးမြန်းပြီးတော့မှ ဒီမေးခွန်းကို ပြန်လည်ဖြေကြားတာဖြစ်ပါတယ်။ အဲ့ဒီတော့ မှန်ပါတယ်။ လွန်ခဲ့တဲ့ နှစ် ၂၀ ကတော့ ကျွန်တော်တို့ဘက်က သက်ဆိုင်ရာလမ်းတွေ၊ ရေတွင်းတွေ၊ အဝီဇိတွင်းတွေ၊ ကျောင်း တွေစသဖြင့် ဆေးရုံတွေအားလုံး တည်ဆောက်ပေးခဲ့ပြီးဖြစ်ပေမယ့် အနှစ် ၂၀ ကျော်ကာလဖြစ်တဲ့ အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ပျက်စီးယိုယွင်းမှုများ၊ ချို့ယွင်းမှုများရှိနိုင်တာ ဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်လို့လည်းပဲ ကျွန်တော်တို့ ကွင်းဆင်းပြီးတော့ ပြန်လည်စစ်ဆေးပြီး သက်ဆိုင်ရာကုမ္ပဏီနဲ့ ကျွန်တော်တို့ဌာနတို့ပူးပေါင်းပြီး လိုအပ်ချက်များကို တတ်နိုင်သမျှ ပြန်လည် ဖြည့်ဆည်းပေးမှာဖြစ်ပါကြောင်း လေးစားစွာရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုများ၊ ကားမီးလောင်မှုများနှင့် ယာဉ်များအား လုယက်ရန်ကြံစည်မှုများ မကြာခဏကြုံတွေ့ရသည့်အတွက် ထိုလမ်းမကြီးအား နိုင်ငံတကာအဆင့်မီပြုပြင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ပတ်သက်၍ ပြည်သူများအသက်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမသစ်ကြီးတွင် ယာဉ်တိုက်မှုများ၊ ယာဉ်တိမ်းမှောက်မှုများ၊ ယာဉ်မီးလောင်မှုများ၊ ယာဉ်များအားလုယက်ရန်ကြံစည်မှုများ မကြာခဏကြုံတွေ့ရမှုအပေါ် (က) အဝေးပြေးလမ်းမကြီးအား နိုင်ငံတကာအဆင့်မီပြုပြင်ရန် နည်းပညာနှင့်ငွေကြေးအကူအညီတို့ကို နိုင်ငံခြားမှရယူ၍ ပြင်ဆင်ရန်အစီအစဉ်ရှိ/မရှိကိုလည်းကောင်း၊ (ခ) ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ခရီးသည်များအား မတော်တဆမှုများ ကင်းရှင်းရေးအတွက် လိုက်နာရမည့် စည်းကမ်းများထုတ်ပြန်ခြင်း၊ အသိပေးခြင်း။ ဥပမာ- မီးအန္တရာယ်ဖြစ်စေနိုင်သော ဝါယာရိန်းများအား ကောင်းမွန်မှုရှိ/မရှိကြိုတင်စစ်ဆေးစေခြင်း၊ ယာဉ်မီးလောင်လျှင် ငြိမ်းသတ်ရန် မီးသတ်ဗူးများ လုံလောက်စွာပါစေရန်လည်းကောင်း၊ ကားအတွင်းမှနေ၍ မှန်များကို ခွဲထွက်စေနိုင်သော နိုင်ငံတကာတွင် အသုံးပြုသည့် မှန်ခွဲတူငယ်များကို ကားများတွင်ထားရှိရန်လည်းကောင်း၊ အရက်သောက်၍ မောင်းနှင်မှုရှိ/မရှိတိုင်းတာသည့်ကိရိယာဖြင့် စစ်ဆေးခြင်း၊ သတ်မှတ်မိုင်နှုန်းထက်ပိုမောင်းသောယာဉ်မောင်းများအား ထိရောက်စွာအရေးယူသောစနစ်၊ ယာဉ်မောင်းလိုင်စင်မရှိဘဲမောင်းနှင်ပါက ထိရောက်သောစံပြုပြစ်ဒဏ်များ ချမှတ်ခြင်း၊ အဝေးပြေးလမ်းမပေါ်တွင် နေ့/ညစက်ဘီး၊ ဆိုင်ကယ်စီးနင်းမှုကို ထိရောက်သောပြစ်ဒဏ်များပေးခြင်း၊ ကျွဲ/နွား တိရစ္ဆာန်ဖြတ်သန်းမှုကိုထိရောက်စွာအရေးယူခြင်း၊ လမ်းဘေးအကာအရံများ ပြုလုပ်ပေးခြင်း၊ မိုင်တိုင်အပိုင်းအခြားအလိုက်

လုံခြုံရေးဝန်ထမ်းများထားရှိ၍ ကားများဖြင့်ကင်းလှည့်စစ်ဆေးရန် တာဝန်ပေးအပ်ပြုလုပ်၍ ကာကွယ်ပေးရန်ကိုလည်းကောင်း၊ ညအချိန်တွင်လုယက်ရန်ကြံစည်သူများကိုလည်းကောင်း၊ လုယက်မှုကျူးလွန်ခဲ့သူများကိုလည်းကောင်း ဥပဒေအရ ထိရောက်ပြင်းထန်စွာ စံပြအဖြစ်ချမှတ်ခြင်း၊ ကြိုတင်ကာကွယ်သည့်အနေဖြင့် နေ့/ညမိုင် တိုင်အလိုက် တစ်နာရီခြား သို့မဟုတ် နာရီဝက်ခြား တစ်ကြိမ် ကင်းချစစ်ဆေးခြင်းများ ပြုလုပ်သင့်ပါသည်။ (ဂ) အမြန်လမ်းမဘေးရှိ လမ်းမကြီးအား ဖြတ်သန်းသွားရာတွင် ရွာများအနေဖြင့် ဖြတ်သန်းသွားရာတွင် အန္တရာယ်ကင်းရှင်းရေးအတွက် Underpass များကို လိုသည့်နေရာများတွင် ထပ်မံတည်ဆောက်ပေးခြင်းတို့အပြင် ယာဉ်မတော်တဆမှုများဖြစ်ပါက လူနာတင်ယာဉ်များနှင့် ကျွမ်းကျင်သူနာပြုများကို မိုင်အပိုင်းအခြားအလိုက် သူနာပြုစခန်းများ ထားရှိပေးခြင်းများ ပြုလုပ်ပေးရန်အစီအစဉ် ရှိ/မရှိကို ပြည်သူ့ဆန္ဒအလေးထား၍ ရိုသေစွာ မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးမှ မေးမြန်းထားတဲ့ မေးခွန်းသုံးခုကို ဝန်ကြီးဌာနများအားလုံးရဲ့ကိုယ်စား ကျွန်တော် ပြန်လည်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဟာ ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ဖြတ်သန်းဖောက်လုပ်ထားပြီးတော့ ၃၆၆ မိုင်နဲ့ ၃ ဖာလုံ ရှည်လျားတာ ဖြစ်ပါတယ်။ အဲ့တော့ ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းအမှတ်(၁)နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဖြေကြားရရင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအား နိုင်ငံတကာအဆင့်မီပြုပြင်နိုင်ရန် နည်းပညာနှင့် ငွေကြေးအကူအညီတို့ကို နိုင်ငံခြားမှရယူ၍ ပြင်ဆင်ရန် အစီအစဉ်ရှိ/မရှိ ပတ်သက်ပြီးတင်ပြရရင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို နိုင်ငံတကာအဆင့်မီပြုပြင်ရန် အမေရိကန်၊ ဂျပန်၊ ကိုရီးယား စတဲ့နိုင်ငံတွေကနေပြီးတော့ နည်းပညာနဲ့ ငွေကြေးအကူအညီ ရရှိရေးအတွက် ကျွန်တော်တို့ဆွေးနွေးလျက်ရှိကြောင်း တင်ပြပါတယ်။

ဆက်လက်ပြီး မေးခွန်းအမှတ်(၂) ဖြစ်တဲ့ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ခရီးသည်များအား မတော်တဆမှုများ ကင်းရှင်းရေးအတွက် လိုက်နာရမည့် စည်းကမ်းများကို ထုတ်ပြန်ခြင်း၊

အသိပေးခြင်းနှင့် ပတ်သက်ပြီး တင်ပြရရင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ပြီးတော့ မော်တော်ယာဉ်နဲ့ မော်တော်ဆိုင်ကယ်အသုံးပြုသူများ၊ ယာဉ်နောက်လိုက်များနဲ့ ယာဉ်အသုံးပြုသူများ၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်း လိုက်နာစေရန်အတွက် ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေနဲ့ ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ် နည်းဥပဒေတို့နဲ့အညီ ပညာပေး အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားပြည်သူများ လုံခြုံချောမွေ့စေရေးအတွက် အမြန်လမ်းရဲတပ်ဖွဲ့ကို ၂၀-၅-၂၀၁၂ နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီးတော့ စည်းကမ်းချက်များ သိရှိလိုက်နာနိုင်ရေးအတွက် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ခရီးသည်၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရပ်မိရပ်ဖများအား အမြန်လမ်းရဲတပ်ဖွဲ့မှ အသိပညာပေးဟောပြောလျက်ရှိရာ အကြိမ်ပေါင်း ၂၇၀ ခန့် ဟောပြောခဲ့ပြီး ဖြစ်ပါတယ်။ အမြန်လမ်းတစ်လျှောက်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းအနေနဲ့ အသိပေးဆိုင်းဘုတ်၊ သတိပေးဆိုင်းဘုတ်၊ လမ်းညွှန်ဆိုင်းဘုတ်၊ တားမြစ်ချက်နဲ့ ကန့်သတ်ချက်များဆိုင်းဘုတ်တပ်ဆင်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သတင်းနှင့် ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်းနဲ့ အမြန်လမ်းမကြီး Toll Gate ငါးခုမှာ အမြန်လမ်းရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင် ၅၀၀၀၀ ခန့် ဖြန့်ဝေခဲ့ပြီးတော့ ပညာပေးလုပ်ငန်းများကို ဆွေးနွေးလျက်ရှိပါတယ်။

ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်းအနေနဲ့ ဝါယာရိန်း၊ စတီယာရင်၊ ယာဉ်အောက်ပိုင်း၊ တာယာတွေကို အမှတ်(၃) လမ်းဆုံတိုးဂိတ်၊ နေပြည်တော်စီလမ်းဆုံတိုးဂိတ်နှင့် စကားအင်းတိုးဂိတ်တို့မှာ ဌာနများမှ စုပေါင်းအဖွဲ့များနှင့် ၂၀၁၃ ခုနှစ်၊ ဇွန်လမှစတင်ပြီးတော့ ရံဖန်ရံခါစစ်ဆေးခဲ့ပြီး ၂၀၁၄ ခုနှစ် မေလမှ စတင်ပြီး ပုံမှန်စစ်ဆေး ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်မီးလောင်လျှင် ငြှိမ်းသတ်ရန် မီးသတ်ဆေးဗူးများဆောင်ရန် ညွှန်ကြားဆောင်ရွက်လျက်ရှိပါတယ်။ အဝေးပြေးယာဉ်ကြီးတိုင်းမှာ မှန်ကိုခွဲတဲ့တူ (Emergency Hammer) လေးလက်ပါရှိခြင်းကိုရှိ/မရှိစစ်ဆေးမေးမြန်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အရက်သေစာသောက်စားမောင်းနှင်တဲ့ ယာဉ်မောင်းများကို အမြန်လမ်းရဲစခန်း ၁၅ ခုမှာ အရက်မူးတိုင်းကိရိယာ ၃၀ ခုနဲ့ ပြစ်မှုကျူးလွန်သူများကို စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ သတ်မှတ်မိုင်နှုန်း ထက်ပိုမောင်းတဲ့ ယာဉ်များကို အရေးယူရန် အရှိန်တိုင်းကိရိယာနဲ့ စစ်ဆေး

အရေးယူခြင်းကို ၂၀၁၃ ခုနှစ် ဧပြီလမှ စတင်၍ ယနေ့အထိ ၂၆၅၉ စီး အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်မောင်း လိုင်စင်စစ်ဆေးခြင်း၊ ယာဉ်နောက်လိုက်လိုင်စင်စစ်ဆေးခြင်း၊ ယာဉ်လိုင်စင်စစ်ဆေးခြင်းနဲ့ လုပ်ငန်းလိုင်စင်စစ်ဆေးခြင်းတွေကို အမှတ်(၃) လမ်းဆုံတိုးဂိတ်၊ နေပြည်တော် စီလမ်းဆုံတိုးဂိတ်နဲ့စကား အင်းတိုးဂိတ်များမှာ၂၀၁၃ ခုနှစ် ဇွန်လမှ စတင်၍ ရံဖန်ရံခါစစ်ဆေးခဲ့ပြီး ၂၀၁၄ ခုနှစ် မေလမှစတင်ပြီး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ အမြန်လမ်းမကြီးတစ်လျှောက် တက်ရောက်မောင်းနှင်လျက်ရှိတဲ့ စက်ဘီး/ဆိုင်ကယ်များကို စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိရာ ၁-၁-၂၀၁၃ မှ ၃၁-၅-၂၀၁၄ အထိ ၅၁၄၁ စီး အရေးယူဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် အမြန်လမ်းတစ်လျှောက် ကျွဲ၊ နွား ဖြတ်သန်းသွားလာမှုများအား အမြန်လမ်းရဲတပ်ဖွဲ့မှ စစ်ဆေးအရေးယူလျက်ရှိရာ ၁၆၃ မှုကို အရေးယူဆောင်ရွက်ခဲ့ပါတယ်။ အမြန်လမ်းရဲတပ်ဖွဲ့မှလည်း ရဲစခန်းတစ်ခုလျှင် မိုင် ၂၀ နဲ့ ၂၅ မိုင်ခန့် တာဝန်ယူရတဲ့အတွက် ယာယီရဲကင်း ၄၂ ခုအား ထပ်မံဖွင့်လှစ်ထားရှိပြီး တံတားများရဲ့ ကိုးမိုင်ခန့်အကွာမှာ စခန်းများအား တည်ဆောက်ထားပါတယ်။ အမြန်လမ်းရဲတပ်ဖွဲ့မှ မိုင်တိုင် (၁၈၃/၆) နဲ့ (၁၈၃/၇) ကြားမှာ ကပ်တုံးများဖြုတ်ယူ၍ ယာဉ်များကို အန္တရာယ်ဖြစ်စေရန် ကြံရွယ်ပြီး လုယက်ရန်စီစဉ်သူများအား ဖော်ထုတ်အရေးယူခဲ့ရာမှာ ထောင်ဒဏ် သုံးနှစ်နဲ့သုံးလချမှတ်ခဲ့ပြီး အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် အမြန်လမ်းမကြီးတစ်လျှောက် နေ့/ညမပြတ် လှည့်ကင်း/ရပ်ကင်း/ဝပ်ကင်းများနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီးတော့လည်း မေးခွန်းအမှတ်(၃)နှင့် ပတ်သက်ပြီး တင်ပြရရင် အမြန်လမ်းဘေးမှာရှိတဲ့ ရွာများမှ ပြည်သူများ လမ်းမကြီးအား ဖြတ်သန်းသွားလာနိုင်ရန် Underpass ၆၁ ခု ကျွန်တော်တို့ တည်ဆောက်ပြီး ဖြစ်ပါတယ်။ လှည်းဖြတ်ကူးနိုင်တဲ့ လှည်းအောက်လျှို Box Culvert များ၊ ဖြတ်ကူးနိုင်တဲ့ တံတားများကို တည်ဆောက်ပေးထားပြီးလည်း ဖြစ်ပါတယ်။ အမြန်လမ်းမကြီးတစ်လျှောက် ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၅၃ မိုင် ၆ ဖာလုံ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း ၁၈ မိုင် ၁ ဖာလုံ ဆောင်ရွက်သွားဖို့ ကျွန်တော်တို့ စီစဉ်ထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ မတော်တဆတိုက်ခိုက်မှုများဖြစ်ပေါ်နေတဲ့အတွက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်ပေးရန် လူနာတင်ယာဉ်

များနှင့် ဆရာဝန်များ၊ ကျွမ်းကျင်သူနာပြုများကို မိုင် ၄၀ အပိုင်းအခြားအလိုက် ထားရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနဲ့လည်း ပေါင်းစပ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါ့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး၏ လမ်းဘေးတစ်လျှောက်တွင် အရိပ်ရနှစ်ရှည်ပင်နှင့် ထန်းပင်များကို ပြန်လည်စိုက်ပျိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသာဝင်း၊ ရန်ကင်းမဲဆန္ဒနယ်မှမေးဖို့ဖြစ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကင်းမဲဆန္ဒနယ်က ဦးသာဝင်းဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ အမြန်လမ်းမကြီးတစ်လျှောက်မှာ သစ်ပင်များ ပြန်လည်စိုက်ပျိုးပေးရေးနှင့်ပတ်သက်ပြီးတော့ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး

တစ်လျှောက်မှာ လမ်းဘေးဝဲယာများမှာ အရိပ်ရနှစ်ရှည်ပင်များ စိုက်ပျိုးထားသလိုပဲ လမ်းလယ်ကျွန်းမှာလည်းပဲ ပန်းပင်များနှင့် ထန်းပင်များ စိုက်ပျိုးထားတာတွေ့ရပါတယ်။ ပန်းပင်များကလွဲပြီးတော့မှ အရိပ်ရနှစ်ရှည်ပင်များဟာ ဖြစ်ထွန်းရှင်သန်နေပြီးတော့မှ သာယာရှုမောဖွယ် တွေ့မြင်ခံစားကြရပါတယ်။ အရိပ်ရသစ်ပင်များစိုက်ပျိုးထားခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်တဲ့အတွက် စိုက်ပျိုးပေးသူများကိုလည်းပဲ ကျေးဇူးတင်ရပါတယ်။ သို့ပါသော်လည်း အဆိုပါလမ်းမကြီးတစ်လျှောက် အချို့သောနေရာများမှာ စိုက်ပျိုးထားတဲ့ သစ်ပင်များမဖြစ်ထွန်းတဲ့အတွက် ကွက်လပ်များဖြစ်ပေါ်နေတာ တွေ့ရပါတယ်။ မြေကွက်လပ်ဖြစ်နေတဲ့နေရာများမှာ သစ်ပင်များပြန်လည်စိုက်ပျိုးပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် လမ်းလယ်ကျွန်းမှာရှိနေတဲ့ ပန်းပင်များဟာလည်းပဲ ရေပုံမှန်မလောင်းနိုင်ခြင်း၊ ပေါင်းပင်များမရှင်းလင်းနိုင်ခြင်းနှင့် အခြားအကြောင်းများကြောင့်ဖြစ်ထွန်းမှုမရှိတာကိုတွေ့ရပါတယ်။ ယင်းအစားကို အချို့နေရာတွေမှာ ထန်းပင်များစိုက်ပျိုးထားတာကိုလည်းတွေ့မြင်ရပါတယ်။ ရာသီဥတုဒဏ်ခံနိုင်တဲ့ ပန်းပင်များကို ထန်းပင်များအစား စနစ်တကျစိုက်ပျိုးသင့်သလိုပဲ အတားအဆီးအဖြစ်နဲ့ လမ်းဘေးဝဲယာမှာလည်းပဲ ကြခတ်ပင်များစိုက်ပျိုးသင့်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်မှာ လမ်းဘေးဝဲယာများမှာ ကွက်လပ်ဖြစ်နေတဲ့နေရာများမှာ သင့်တော်တဲ့အရိပ်ရနှစ်ရှည်ပင်များနဲ့ လမ်းလယ်ကျွန်းမှာလည်းပဲ လမ်းတစ်လျှောက် ပန်းပင်များအစား ထန်းပင်များ ဒီနှစ်မိုးရာသီအမီမှာ စနစ်တကျစိုက်ပျိုးပေးပါရန်နှင့် မည်သည့်အချိန်တွင် စိုက်ပျိုးပေးမည်ကိုလည်းကောင်း၊ မစိုက်ပျိုးပေးနိုင်ပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကိုလည်းကောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသာဝင်းမှ မေးမြန်းထားတဲ့ မေးခွန်းများကို ဆက်လက်ပြီးတော့ ဖြေကြားပါမယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရဲ့ မြေသားတာဘောင် လမ်းပုခုံးပေါ်မှာ အရိပ်ရနှစ်ရှည်ပင် စိုက်ပျိုးရန်နှင့် လမ်းလယ်ကျွန်းမှာ ရာသီဥတုနှင့်ကိုက်ညီတဲ့ အလှပန်းပင်များစိုက်ပျိုးရန် မူလ Master Plan မှာ

ထည့်သွင်းလျာထားခဲ့ပြီးတော့ နှစ်စဉ်လည်း ကျွန်တော်တို့စိုက်ပျိုးလျက်ရှိပါတယ်။ စိုက်ပျိုးပြီး ရှင်သန်ဖြစ်ထွန်းမှုမရှိတဲ့ လမ်းအပိုင်းနေရာများမှာ ၂၀၁၄ ခုနှစ်၊ မေလအတွင်းမှာ ပျိုးပင်များ ပျိုးထောင်ပြီး ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများမှာ ပြန်လည်စိုက်ပျိုးခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထန်းပင်များစိုက်ပျိုးရန် သင့်တော်တဲ့ရာသီချိန်ဖြစ်တဲ့ ယခုနှစ်ရဲ့ စက်တင်ဘာလကုန်ပိုင်းမှာ ထပ်မံစိုက်ပျိုးပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဂွမြို့နယ်နှင့် ပုသိမ်မြို့တို့ ဆက်သွယ်မည့် ကမ်းရိုးတန်းဒေသလမ်းဖြစ်သည့် မကျီးငူ-ချောင်းသာ ကမ်းရိုးတန်းလမ်းအား အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ကိုယ်စား ဦးရဲထွန်း၊ သံတွဲမဲဆန္ဒနယ်က မေးဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပြီး ဂွမဲဆန္ဒနယ်က ဦးကြည်သာရဲ့ကိုယ်စား မေးခွန်းတစ်ခုမေးမြန်းမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ် ဂွမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငသိုင်းချောင်းမြို့ကို ၅၅ မိုင် ရှည်လျားတဲ့ ကားလမ်းဟာ ရခိုင်ရိုးမတောင်တန်းကို ဖြတ်ကျော်ပြီးတော့ ရိုးမကျော် ကားလမ်းဖြစ်ပါတယ်။ လက်ရှိအနေအထားမှာလည်း ခရီးသည်ကား၊ ကုန်တင်ကားတွေဟာ သံတွဲ၊ ဂွ၊ ရန်ကုန် ဒီလမ်းကပဲ သွားလာလျက်ရှိပါတယ်။ အဲဒီပုံစံမျိုးလို ဂွမြို့တစ်ဖက်ကမ်းမှာရှိတဲ့ မကျီးငူကျေးရွာကနေပြီးတော့ ပုသိမ်မြို့နယ်၊ ချောင်းသာအပန်းဖြေစခန်းအထိ ကမ်းရိုးတန်းတစ်လျှောက် ခန့်မှန်းခြေလမ်းမိုင်ဟာ ၆၀ လောက်ရှိမယ်လို့ ခန့်မှန်းမိပါတယ်။ ဒီလမ်းကို ဖောက်ပေးသင့်တဲ့ အဓိကအကြောင်းအချက်တွေကတော့ ဂွမြို့နယ်နှင့် ပုသိမ်မြို့နယ် ကမ်းရိုးတန်းတစ်လျှောက်မှာရှိတဲ့ ဒေသခံများအနေနဲ့ ဒီလမ်းကိုပဲ အဓိကအားထားပြီးတော့ သွားနေရပါတယ်။ ဒီကမ်းရိုးတန်းတစ်လျှောက်ကို ကားလမ်းဖောက်ရမယ်ဖြစ်တော့ တောင်ပေါ်လမ်းကို ဖြတ်ကျော်တာ မဟုတ်တဲ့အတွက်ကြောင့် တံတားကြီးငယ်အချို့ပဲ ရှိနိုင်ပါတယ်။ မြေပြင်မှာပဲ မြေညီမှာပဲ ကားလမ်းဖောက်ရမှာဖြစ်ပါတယ်။ ဒီနေ့ခေတ်အတတ်ပညာတွေနဲ့ဆိုရင်တော့ ခက်ခဲလှတဲ့ လုပ်ငန်းမဟုတ်ပါဘူး။ လွယ်လွယ်ကူကူပဲ ဖောက်နိုင်ပါလိမ့်မယ်။ ဒီလမ်းပြီးသွားရင်တော့ ဒေသထွက်ကုန်တွေ သယ်ယူ၍

ပိုမိုလွယ်ကူလာမယ့်အပြင် လှပတဲ့ ရခိုင်၊ ချောင်းသာကမ်းရိုးတန်းတစ်လျှောက်မှာ အပန်းဖြေလုပ်ငန်းရပ်များ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာပြီးတော့ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးမှုအကျိုးရလဒ်တွေရရှိလာနိုင်တဲ့အတွက် နိုင်ငံတော်က ဒီလမ်းကို ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်-မတူပီ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုင်တိုင် (၂၅/၃) နှင့် (၃၁/၅) ကြားရှိ သဲချောင်းများအား ရာသီမရွေးသွားလာနိုင်ရန် မည်သို့စီမံထားရှိသည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို၊ ပေါက်မဲဆန္ဒနယ်မှ ဆက်လက်မေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်တဲ့မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်လည်း အဓိကအခန်းကဏ္ဍမှပါဝင်နေသောကြောင့် နိုင်ငံတော်အစိုးရမှ ၎င်းကဏ္ဍကို ပိုမိုအလေးပေးဆောင်ရွက်လျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။ အထက်ပါကဲ့သို့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကြီးကို နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ လက်တွေ့ကျသော အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများပြုလုပ်လျက်ရှိရာ ပခုက္ကူ-ပေါက်-ကျောက်ထု-ထီးလင်း-မင်းတပ်-မတူပီသွားတဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ပေါက်မြို့နယ်အတွင်းရှိ O2B မုန်တိုင်းများကြောင့် ပျက်စီးသွားခဲ့ရတဲ့ ယောချောင်းတံတားအမှတ်(၁)ရေပြာနှင့် ယောချောင်းတံတားအမှတ်(၂)အုန်းတောတံတားကြီးများကို အမြန်ပြီးစီးနိုင်အောင် ပြန်လည်တည်ဆောက်ပေးလျက်ရှိတဲ့အတွက် ဒေသခံပြည်သူများအပါအဝင် အဆိုပါလမ်းမကြီးကို အားကိုးအားထားပြုသွားလာနေကြတဲ့ ခရီးသွားပြည်သူများက ပြည်ထောင်စုအစိုးရနှင့်

ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ကို များစွာကျေးဇူးတင်လျက်ရှိနေကြပါတယ်။ သို့သော်လည်း အထက်တွင်ဖော်ပြခဲ့သည့် တံတားကြီးနှစ်စင်းဆောက်လုပ်ပြီးစီး၍ သွားလာနိုင်သည့်တိုင် အဆိုပါလမ်းမကြီးပေါ်ရှိ ပေါက်-ပခုက္ကူလမ်းပိုင်းဖြစ်သည့် မိုင်တိုင်အမှတ် ၂၅ မိုင် ၃ ဖာလုံနှင့် ၃၁ မိုင် ၅ ဖာလုံတို့ကြားရှိ သဲချောင်းများမှာ စနစ်တကျပြုလုပ်ထားသည့် ကျောက်တန်းရေကျော်များမရှိခြင်းနှင့် ထိုနေရာများကို ရှောင်ကွင်းသွားလာနိုင်တဲ့ လမ်းများမရှိခြင်းတို့ကြောင့် မိုးတွင်းကာလ တောင်ကျရေစီးဆင်းခြင်းနှင့် ရေစီးဆင်းပြီးသော်လည်း လမ်းဟောင်းမြေနေရာများမှာ သဲနုန်းများဖုံးလွှမ်းနေမှုများကြောင့် ကုန်တင်ယာဉ်၊ ခရီးသွားယာဉ်များ ထိုနေရာများတွင် အချိန်များစွာ ခက်ခဲကြန့်ကြာမှုများဖြစ်ကာ ခရီးသွားပြည်သူများ မော်တော်ယာဉ်ဘေးအန္တရာယ်တို့နှင့်ကြုံတွေ့၍ စိတ်မချမ်းမြေ့ဖွယ်ဖြစ်နေရပါတယ်။ ဒါကြောင့် အဆိုပါသဲချောင်းများရှိ လမ်းများကိုကောင်းမွန်စေရန် အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုသောစိတ်ဆန္ဒများမှာ ဒေသခံပြည်သူများတွင် ပြင်းပြနေလျက်ရှိပါတယ်။ ဒါကြောင့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအတွက် ဖော်ပြခဲ့သည့်ဘေးအန္တရာယ်နှင့် စိတ်ထိခိုက်ဖွယ်ရာများမဖြစ်ပေါ်စေရန်အတွက် အမှန်တကယ်ဆောင်ရွက်ပေးသင့်သည့် ပခုက္ကူ-ပေါက်-ကျောက်ထု-ထီးလင်း-မင်းတပ်-မတူပီသွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ပေါက်-ပခုက္ကူလမ်းပိုင်းဖြစ်သည့် မိုင်တိုင်အမှတ် ၂၅ မိုင် ၃ ဖာလုံနှင့် ၃၁ မိုင် ၅ ဖာလုံတို့ကြားရှိ သဲချောင်းများအား ရာသီမရွေးသွားလာနိုင်သည့် လမ်းအဆင့်သို့ စီမံဆောင်ရွက်ပြုလုပ်မှုများ မည်သို့ဆောင်ရွက်ပေးမည်ကို ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးနှစ်ဦး မေးမြန်းသွားတဲ့မေးခွန်းများကို တစ်ဆက်တည်း ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့ကိုယ်စား သံတွဲမဲဆန္ဒနယ်မှ ကိုယ်စားလှယ်ကြီး ဦးရဲထွန်းမေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်နှင့် ဧရာဝတီတိုင်း

ဒေသကြီး၊ ပုသိမ်မြို့နယ်တို့ဆက်သွယ်တဲ့ ကမ်းရိုးတန်းဒေသကြီးဖြစ်တဲ့ မကျီးငူ-ချောင်းသာကမ်းရိုးတန်းလမ်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းတင်ပြပါ့မယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးတို့ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ မကျီးငူ-ချောင်းသာ ကမ်းရိုးတန်းလမ်းဟာ ၅၃ မိုင် ၅ ဖာလုံ ရှည်လျားပြီးတော့ ကျေးရွာချင်းဆက်လမ်းဖြစ်ပါတယ်။ အဲဒီလမ်းဟာ ရခိုင်ပြည်နယ်အပိုင်းမှာ ၉ မိုင် ၆ ဖာလုံနဲ့ ဧရာဝတီတိုင်းဒေသကြီး အပိုင်းမှာ ၄၃ မိုင် ၇ ဖာလုံပါဝင်တာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် အပိုင်း မကျီးငူ-ကျောက်ချွန် ၉ မိုင် ၆ ဖာလုံနဲ့ ဧရာဝတီတိုင်းဒေသကြီးအပိုင်း ချောင်းသာ-ရွှေသောင်ယံ-သဘော့ကန် ၁၄ မိုင် ၄ ဖာလုံတို့ဟာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေတဲ့ လမ်းပိုင်းများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းများနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ပြန်လည်ဖြေကြားသွားပါမယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းမဟုတ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဖြေကြားနိုင်ခြင်းမရှိကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ညိုမှ ပြည်သူ့လွှတ်တော်သို့ မေးမြန်းထားတဲ့ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်-မတူပီသွားတဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ မိုင်တိုင် (၂၅/၃) နှင့် (၃၁/၅) ကြားမှာရှိတဲ့ သဲချောင်းများ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်-မတူပီ ပြည်ထောင်စုလမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နှစ်အလိုက် စီမံချက်များရေးဆွဲပြီး လမ်း၊ တံတားများ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလမ်းပေါ်မှာရှိတဲ့ အုန်းတောနှင့် ရေပြာတံတားကြီးများကိုလည်း ကျွန်တော်တို့ ဆောင်ရွက်ပေးတာကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီး ကျေးဇူးတင်ကြောင်းပြောကြားတဲ့အတွက် ကျွန်တော်တို့လည်း အထူးဝမ်းမြောက်ပါကြောင်းလည်း တင်ပြလိုပါတယ်။ ဒီလမ်းမကြီးပေါ်မှာရှိတဲ့ မိုင်တိုင် (၂၅/၃) နှင့် (၃၁/၅) ကြားမှာရှိတဲ့ သဲချောင်းတွေကတော့ သဲချောင်း ငါးခုရှိပါတယ်။ အဲဒီ သဲချောင်း ငါးခုဟာ သဲချောင်း

သုံးခုကတော့ မိုင်တိုင် (၂၈/၄) နှင့် (၂၈/၅)၊ မိုင်တိုင် (၂၈/၆) နှင့် (၂၈/၇) ကြား မိုင်တိုင် (၂၈/၆) နှင့် (၂၈/၇) ကြားမှာရှိတဲ့ အဲဒီသဲချောင်းသုံးခုကတော့ ဆင်လှကွေ့ချောင်းဆိုတာဖြတ်သွားတဲ့ ပေ ၁၀၀၊ ပေ ၁၅၀ နှင့် ပေ ၂၀၀ ရှည်လျားတဲ့ သဲချောင်းများဖြစ်ပါတယ်။ မိုင်တိုင် (၂၉/၀)နှင့်(၂၉/၁)မှာရှိတဲ့ မုံဘိုချောင်းကတော့ ပေ ၃၀၀ ရှည်ပါတယ်။ မိုင်တိုင် (၂၉/၂) နှင့် (၂၉/၃) ကြားမှာရှိတဲ့ ရေကျော်ချောင်းကတော့ ပေ ၃၀ တို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်-မတူပီ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်(၂၅/၃)နှင့် (၃၁/၅) ကြားမှာရှိတဲ့ ပခုက္ကူနှင့် ရေပြာကြား သဲချောင်း ငါးခုကို လုပ်သား ပြည်သူများ အချိန်၊ ရာသီမရွေးသွားလာမှု အဆင်ပြေစေရေးအတွက် ပြီးခဲ့တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေထည့်သွင်းထားသော်လည်း ရန်ပုံငွေအခက်အခဲကြောင့် ကျွန်တော်တို့ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မကွေးတိုင်းဒေသကြီး အစိုးအစဉ်နဲ့ ရန်ပုံငွေများတင်ပြတောင်းခံပြီး ကွန်ကရစ်ရေကျော်များဆောက်လုပ်ရန် စီမံဆောင်ရွက်ပြီးပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေဆိုခြင်းပြီးဆုံးပါပြီ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၂-၆-၂၀၁၄ ရက်တွင် လက်ခံရ ရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ၎င်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစတီဖန် ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ကော်မတီရဲ့ကိုယ်စား တင်ပြမှာဖြစ်ပါတယ်ခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ၅-၆-၂၀၁၄ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၁-၆-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၁၂-၆-၂၀၁၄ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေး (အဖွဲ့ဝင်၊ နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်) က တင်သွင်းခဲ့သော ပင်လယ်ရေကြောင်းဆိုင်ရာအမှု စီရင်ပိုင်ခွင့် (Admiralty or Maritime Jurisdiction )အာဏာအပ်နှင်းနိုင်ရန် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို လိုအပ်သလို ပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်းအဆိုကို ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့၌ အမျိုးသားလွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတွင် ပင်လယ်ရေကြောင်းဆိုင်ရာအမှုစီရင်ပိုင်ခွင့် (Admiralty or Maritime Jurisdiction) အာဏာအပ်နှင်းနိုင်ရေးအတွက် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၃၈ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်ရေးဆွဲခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာစိစစ်နိုင်ရန် ၂၄-၆-၂၀၁၄ရက်နေ့တွင် ညှိနှိုင်းအစည်း

အဝေးကျင်းပ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် ပုဒ်မ ၃ ခု ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် ဥပဒေခေါင်းစီးနှင့် အပိုဒ် ၁ တို့ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းသဘောတူပါသည်။

(ဂ) အပိုဒ် ၂ အား ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(ဂ) ၏ နောက်တွင် ပုဒ်မခွဲ(ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။ ထိုသို့ဖြည့်စွက်တဲ့အတွက်-

အပိုဒ်ခွဲ(ဃ) ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်း ဟု ပြင်ဆင်ရမှာ ဖြစ်ပါတယ် ခင်ဗျား။

(ဃ) အပိုဒ် ၃ အား ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(ဃ) အား ပုဒ်မခွဲ (င) အဖြစ် ပြန်လည်အမှတ်စဉ်ရမည် ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံ တင်ပြအပ်ပါသည်။ ဥပဒေ ကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၂-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက် (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]